mgyoe.com

# YOE MYAY 50 PERCENT

mgyoe.com

mgyoe.com

ISBN 9789997118097
POEM65
9 789997 118097
1,500.00KS

လူ့ဘဝဆိုတာလည်း တစ်ခုခုငတ်နေမှ ပြည့်စုံတာမျိုးပါ K

mgyoe.com

mgyoe.com

50 Percent၊ ဇိုးမြေ
မျက်နှာဖုံးပန်းချီ - စိုးမင်းအောင်
စာမျက်နှာ ၆၈ မျက်နှာ၊ ၁၄ • ၅ စင်တီ × ၂၀ • ၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# 50 Percent

ရိုးမြေ

ပထမအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

ကဗျာစာသားများကို
ကဗျာရေးသူ၏ အာဘော်မထိခိုက်နိုင်သော
သတ်ပုံပြင်ဆင်ခြင်းမှလွဲ၍
အခြားသတ်ပုံများနှင့် အထားအသိုများအတွက်
ကဗျာဆရာ၏ ပိုင်ခွင့်အဖြစ်သတ်မှတ်လျက်
ပြုပြင်ထားခြင်းမရှိပါ။

mgyoe.com

mgyoe.com

## မာတိကာ


❋ ၁၉၉၅–၂၀၀၀ . . . . . . . . . . ၁

၁။ နှုတ်ဆက်ဖို့ကြိုးစားနေဆဲအချိန်တွေနဲ့ချည်နှောင်ထားတဲ့အိမ် . . . . ၂

၂။ ရေအိုင် . . . . . . . . . . ၄

၃။ စက္ကူစွန် . . . . . . . . . . ၅

၄။ အချစ်နဲ့နာရီများ . . . . . . . . . . ၆

၅။ အလွမ်း . . . . . . . . . . ၇

၆။ ခရေ . . . . . . . . . . ၈

၇။ ခေါ်သံ . . . . . . . . . . ၉

၈။ ဆင်ခြေဖုံး . . . . . . . . . . ၁၀

၉။ အခိုးမဲ့လောင်ကျွမ်းခြင်း . . . . . . . . . . ၁၁

❋ ၂၀၁၂–၂၀၁၉ . . . . . . . . . . ၁၅

၁။ ခွက် . . . . . . . . . . ၁၆

၂။ ကုန်သေတ္တာ . . . . . . . . . . ၁၇

၃။ နောက်ထပ်အနှစ်သုံးဆယ် . . . . . . . . . . ၁၉

၄။ အမှောင်ထဲမှာတတိယ . . . . . . . . . . ၂၁


mgyoe.com

mgyoe.com

၅။ နံ့ရံ . . . . . . . . . . ၂၂
၆။ လွှမ်းဦး . . . . . . . . . . ၂၄
၇။ တံလျှပ်မြစ် . . . . . . . . . . ၂၅
၈။ အရောင် . . . . . . . . . . ၂၆
၉။ K . . . . . . . . . . ၂၇
၁၀။ သံသရာ . . . . . . . . . . ၂၈
၁၁။ နံ့ရံ . . . . . . . . . . ၂၉
၁၂။ အချစ် . . . . . . . . . . ၃၀
၁၃။ အချစ် . . . . . . . . . . ၃၁
၁၄။ အချစ် . . . . . . . . . . ၃၂
၁၅။ အချစ် . . . . . . . . . . ၃၃
၁၆။ အချစ် . . . . . . . . . . ၃၄
၁၇။ အချစ် . . . . . . . . . . ၃၅
၁၈။ အချစ် . . . . . . . . . . ၃၆
၁၉။ အချစ် . . . . . . . . . . ၃၇
၂၀။ တိုင်ပတ်အက . . . . . . . . . . ၃၈
၂၁။ ဆောင်းဦး . . . . . . . . . . ၃၉
၂၂။ နို့ဝင်ဘာ . . . . . . . . . . ၄၀
၂၃။ လေယာဉ်ပျံ . . . . . . . . . . ၄၁
၂၄။ ဂီတ . . . . . . . . . . ၄၂
၂၅။ ညဥ့်လယ် . . . . . . . . . . ၄၃
၂၆။ အရွယ် . . . . . . . . . . ၄၄
၂၇။ ခေါင်းစဥ်တစ်ခုတည်းအောက်မှာ . . . . . . . . . . ၄၅
၂၈။ Call . . . . . . . . . . ၄၆
၂၉။ ကျွန်း . . . . . . . . . . ၄၇
၃၀။ မင်းဆင့် . . . . . . . . . . ၄၈
၃၁။ သေနတ်သံတွေအတိုင်းသားကြားရတဲ့အချစ် . . . . . . . . . . ၄၉

mgyoe.com

mgyoe.com

၃၂။ ကြာပြီ . . . . . . . . . . . ၅၀
၃၃။ အကွာအဝေး . . . . . . . . . . . ၅၁
၃၄။ အဝေးပြေး . . . . . . . . . . . ၅၂
၃၅။ မုန်တိုင်းကြိုတဲ့ မိုး . . . . . . . . . . . ၅၃
၃၆။ ပြန်ရောက်လာတဲ့ဆောင်း . . . . . . . . . . . ၅၄
၃၇။ မဆိုဖြစ်တဲ့ သီချင်း (၁) နိုင်ငံတော် သီချင်း . . . . . . . . . . . ၅၅
၃၈။ အာဃာတသိမ်းပြီးနေ့များ . . . . . . . . . . . ၅၆
၃၉။ အာဃာတသိမ်းပြီးနေ့များ . . . . . . . . . . . ၅၇
၄၀။ အာဃာတသိမ်းပြီးနေ့များ . . . . . . . . . . . ၅၈
၄၁။ ကျိုးကန်း . . . . . . . . . . . ၅၉
၄၂။ အလွမ်းတရှည်း . . . . . . . . . . . ၆၀
၄၃။ တော်လှန်ရေး . . . . . . . . . . . ၆၁
၄၄။ လျှပ်ပြက်နွေ . . . . . . . . . . . ၆၂
၄၅။ ဝင်သက် . . . . . . . . . . . ၆၃
၄၆။ ခရေ . . . . . . . . . . . ၆၄
၄၇။ မြောင်းမြ . . . . . . . . . . . ၆၅
၄၈။ တလမ်းမောင်း . . . . . . . . . . . ၆၆
၄၉။ နေ့ခင်း . . . . . . . . . . . ၆၇
၅၀။ ၄၉ . . . . . . . . . . . ၆၈

❒

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

၁၉၉၆-၂၀၀၀

mgyoe.com

mgyoe.com


## နှုတ်ဆက်ပုံကြိုးစားနေသဲအချိန်တွေနဲ့ချည်နှောင်ထားတဲ့အိပ်မက်

လက်တစ်ဖက်ကငိုကြွေးနေတဲ့လက်တစ်ဖက်ကချစ်မေတ္တာကိုကိုင်ဆောင်လို့
လွှမ်းနေတဲ့လမ်းပေါ်မှာ
သံသယဖြစ်ဖွယ်ကောင်းတဲ့အလှ၊သံသယဖြစ်ဖွယ်ကောင်းတဲ့အပြုံး
နောက်ထပ် သံသယဖြစ်ဖွယ်ကောင်းတဲ့အချစ်နဲ့အဖြစ်အပျက်များ
အမြင့်ဆုံးချစ်ခြင်းရဲ့ အဆုံးစွန်ပေါ်ရပ်ပြီး
အနက်ရှိုင်းဆုံး ချောက်ကမ်းပါးထဲ ငုံ့ကြည့်ခဲ့တယ်
အထိတ်တလန့် ဆုပ်ကိုင်မိတာက နှစ်များစွာမိန်းမူးနေတဲ့
(ယုံကြည်၊ မြတ်နိုး၊ ပျော်ရွှင်မှုတွေနဲ့) ငါ့နှလုံးသားကိုသာ
အတိတ်ရဲ့နှုတ်ခမ်းထက်ကအသံများ၊ ခံယူဖူးတဲ့အနမ်းများပေါ်
တုန်လှုပ်ချောက်ချားဖွယ်၊ အချစ်နဲ့ပိန်းပိတ်နေတဲ့ နေ့များစွာလျှောက်လှမ်းရင်း
ဒုတိယ နိယာမရဲ့ မှားယွင်းစွာသက်ရောက်မှုထဲ
ငါ့ရဲ့လက်နှစ်ဖက်က စကားလုံးများထက်အရင်ဆွံ့အ
ခံစားမှုက ခံစားနိုင်ရုံမကတော့

mgyoe.com

mgyoe.com



အနမ်းတစ်ခုက အနမ်းတစ်ခုမဖြစ်မီ လမ်းတစ်ဝက်တွင် အဓိပ္ပာယ်မဲ့လို့
ပြန်မရောက်နိုင်တဲ့ မေတ္တာတရား၊ သေဆုံးနေတဲ့ ကြင်နာမှုများ
ပြိုကျသွားတဲ့ယုံကြည်မှု၊ ကုန်ဆုံးသွားတဲ့အချိန်တွေအောက်
တိတ်တဆိတ် အမြစ်တွယ်လာတဲ့ နံ့ရုံ
ငါတို့ရဲ့ အိပ်မက်တွေထက် ငါတို့က မမြင့်မြတ်နိုင်တော့
တစ်ယောက်မျက်စေ့အောက်မှာ တစ်ယောက်ကဝေးနေရ
မိန်းမတစ်ယောက်ရဲ့ အိန္ဒြေအောက်မှာထိုင်ပြီး အချစ်အကြောင်းမတွေးမိခဲ့တော့
တစ်ယောက်ရဲ့ယုံကြည်မှုတွေက တစ်ယောက်ရဲ့မာနကို တမြေ့မြေ့ဖဲ့ချွေ
တစ်ဖက်ကအေးစက် ငြိမ်သက်သလောက် တစ်ဖက်ကပူလောင်ပေါက်ကွဲရတဲ့ညများ
မျှော်လင့်မထားတဲ့အဆုံးမှာ ငါတို့အစကို ပြန်ရိုတ်သိမ်း
တို့ ရွေးချယ်တဲ့လမ်းက အဆုံး မရောက်သေးဘူး။ ။

mgyoe.com

mgyoe.com


# ရေအိုင်

မိုးနှောင်းကာလ
ကြည်လင်အေးမြ အမှောင်နဲ့တိတ်လို့
စိတ်နောက်ကောက်ကောက်လိုက်ဖို့
ကောင်းကင်ကိုရှယ်မိရဲ့
နေ့မကူးမီလေး
ခတ်ကြိုးများသစ်ပင်များလည်း ထင်
ကြယ်များလရိပ်တို့ထင်အောင်
စကြဝဠာတချို့ကိုသိမ်းထားတဲ့
လမ်းမပေါ်က ရေအိုင်လေးထဲ
ငါ့ကိုယ်ငါခေါ်နေမိတယ်။ ။

mgyoe.com

mgyoe.com



## စက္ကူစွန်

တဖြည်းဖြည်းကြိုးလေးတစ်စ ကိုယ့်ပေါ်ကိုလွင့်ကျလာတယ်
တစ်ဖက်မှာစွန်လည်းမရှိဘူး၊တစ်ဖက်မှာရစ်ဘီးလဲမရှိဘူး
အချစ်ဆိုတာကြိုးစလေးလိုပဲ နှလုံးသားထဲကိုလွင့်ကျလာတတ်ပါလား
တစ်ဖက်မှာချစ်သူလဲမရှိဘူး၊တစ်ဖက်မှာမျှော်လင့်ချက်လည်းမရှိဘူး
ကောင်းကင်မှာစွန်ရောင်စုံတွေဝဲပျံဆော့ကစားနေတာ လှလိုက်တာ
စွန်အပြာလေးကို စွန်အနီလေးကဖြတ်သွားတယ်
ရစ်ဘီးကကြိုးကိုတော့ဘယ်သူဖြတ်လိုက်လည်းမသိဘူး
တဖြည်းဖြည်းကြိုးလေးတစ်စ ကိုယ့်ပေါ်ကိုလွင့်ကျလာတယ်။ ။

mgyoe.com

mgyoe.com


# အချစ်နဲ့နာရီများ

ချစ်သူ့ပါးပြင်ပေါ်ပထမဆုံးချဉ်းကပ်တဲ့ အနမ်းတစ်ခုရဲ့ ရွှေ့လျားမှုနဲ့ အိမ်ပြန်ခဲ့ရတယ်
ဖေဖေကနာရီတစ်လုံးဝယ်ပေးတဲ့နေ့မှာ ချစ်သူကအဖြေပေးတယ်
နာရီတကြည့်ကြည့်နဲ့ စောင့်ရချိန်တွေ ရှည်လျားလို့
ချစ်သူမျက်နှာငေးလို့ တွေ့ခွင့်ရချိန်လေး တိုလွန်းလှတယ်

"ရုပ်ဝတ္ထုတွေက ပုံမှန်လည်ပတ်နေတော့ အနှေးအမြန်ဆိုတာ
စိတ်ရဲ့ လှည့်စားမှုသက်သက်ပေါ့"
တစ်ယောက်လက်ကိုတစ်ယောက်ဆုပ်ပြီး

နေမင်းကြီးပင်လယ်ထဲဝင်သွားတာ ထိုင်ကြည့်ဖြစ်တယ်
လက်ပတ်နာရီရောင်းရငွေလေးနဲ့ကမ်းခြေတစ်ခုကိုအပျော်ခရီးထွက်ခဲ့စဉ်က။ ■

mgyoe.com

mgyoe.com



**အလွမ်း**

သူစိမ်းပြင်ပြင်မြစ်များစီးဝင်ရာ ရိုးသားစွာစီရင်ထားတဲ့ အဆန်းတကြယ် ပင်လယ်
တစ်ယောက်နှလုံးသားမှာတစ်ယောက်နှလုံးသားကို မြုပ်နှံဖို့ ငါတို့စီးဝင်ခဲ့တယ်
အလွမ်းတဲ့
ငါးမိနစ်လောက်ငြိမ်သက်ပြီးမှ တစ်ယောက်ကိုတစ်ယောက် စကားဆိုနိုင်တော့တယ်
ဒီထက်ပိုဝေးတဲ့အဝေးကို ဝေးမသွားခင်
ဝေးကွာခြင်းဟာ ဘယ်လောက်ထိတိတ်ဆိတ်လဲချစ်သူကိုနားထောင်မိတယ်
ဘယ်လောက်ဝေးဝေး
တို့စိတ်ကူးရဲ့လှိုင်းတွေကမ်းခြေမတွေ့သေးလဲ အနီးနဲ့အဝေးကြားမှာ တံခါးတချပ်ပဲရှိမယ်
လပြည့်ည ဆယ်နာရီတုန်းက
ဝေးနေတဲ့ချစ်သူနှစ်ဦး လမင်းကြီးကိုပြိုင်တူ ကြည့်ခဲ့ကြတယ်။ ။

mgyoe.com

mgyoe.com


## ခဂေ့ါ

နေ့တာတိုတဲ့လမ်း
ရိပ်သာဝန်းထဲလှူးလားခေါက်တုံ့
ညကကောင်းကင်ကိုကြည့်ပြီး ငိုတယ်
ခြေဖဝါးအကြွမှာ
ပင်စည်ရယ်တသိမ့်သိမ့်ရှိုက်တော့
အပွင့်တွေဖွေးဖွေးလှုပ်လို့
ရနံ့နဲ့မြေပြင်ထက် အိပ်စက်
အုံးမောင်းခေါက်သံကြားရင်
ညှို့မှိုင်းညွတ်ကိုင်း အပင်အောက်
ပန်းတွေဦးအောင်ကောက်ဖို့
နှင်းပြီးသားနှီးစတွေ ဘေးချပြီး
အိပ်မက်နေတဲ့ ကောင်လေး။ ။

mgyoe.com

mgyoe.com



## ခေါ်သံ

ယုံကြည်စွာခြေလှမ်းလာ
ကိုယ် ဒီမှာရပ်ငေးမိသေး
မြင်လာဟိုအဝေး တို့လျှောက်ခဲ့လမ်းဆီ
ကိုယ်လေ အရာရာပြန်တွေးမိတိုင်း
ရင်မှာနာ ပူဆွေးမိဆဲ
အချစ်စစ် ဘာလို့များဝေးရလဲ
ပျို့ရွယ်စဉ်ဘဝရဲ့ ကျောက်သားပေါ်မှာ
ကိုယ်လေထွင်းခဲ့ချစ်ခြင်းစာတွေ
ငယ်စဉ်ကလေးဘဝ မြက်ခင်းပြင်ပေါ်
ကိုယ်လေခုတော့ငိုကြွေးမိဆဲ
ချစ်လျှက်နဲ့ဝေး ပြီးဆုံးစေပြီ
ခိုင်မာစွာယုံကြည်မှု တိုးတိတ်ဆိတ်
ခေါ်သံ ခေါ်သံ ခေါ်သံ
ခေါ်သံ ခေါ်သံ ခေါ်သံ
ပျို့ရွယ်မှုရဲ့တိတ်ဆိတ်မှုတို့ကာဆီးဝေး။ ။

mgyoe.com

mgyoe.com

## ဆင်ခြေဖုံး

ငါ့ရဲ့ လမ်းသွယ်လေးပါပဲ
မညီညာမှုတွေပါမယ်
နေမင်းထက်စောတဲ့ ခြေသံရယ်
အချိန်မမှန်တဲ့ မီးခိုးတွေရယ်
တချို့တိတ်လို့
ပေတံနဲ့တူတဲ့လူတွေ ထွက်လာမယ်
လူသစ်တွေရယ်
အရိပ်အကဲကြည့်နေတဲ့ ဗွီဒီယိုရုံရယ်
တိုးလာတဲ့ ရုပ်သံထောင်ချောက်တွေရယ်
ခြေထောက်နဲ့ ဘဏ်လေးရယ်
ကျွဲရိုင်းသံဘူးရောင်းတဲ့ သရေစာဆိုင်ရယ်
အိမ်ထောင်ကျသွားတဲ့ မိန်းကလေးတွေရှိမယ်
အိမ်ပြန်နောက်ကျတဲ့ ယောက်ျားပြန်လာမယ်
ဓာတ်တိုင်တွေ တချို့ လင်းလို့
နိုင်ငံတကာသတင်းလာချိန် ဆန်ဝယ်ထွက်တဲ့ကောင်လေး
အိမ်တွေကွက်လို့ မီးလင်းနေတုန်း
ငါပြန်ရောက်ခဲ့
မိုးလင်းတော့
လူဟောင်းတွေ လမ်းလေးပေါ် ခြေချော်နေဆဲ
လူသစ်တွေ ခြေကုပ်ကောင်းကောင်းနဲ့
မြို့ထဲကို ထွက်သွားကြရဲ့
ငါ့မှာတော့
စိတ်ကူးနဲ့လမ်းခင်းနေတုန်းပဲ။ ။

mgyoe.com

mgyoe.com



## အဒိုးမဲ့လောင်တျွမ်းခြင်း

ကျုပ်ချစ်တဲ့မြစ်လေ
အဲ့ဒီမြစ်ရဲ့စီးဆင်းမှုနဲ့ပဲ
ကျုပ်တို့မြို့လေးအခြေကျခဲ့ပေါ့
ခေတ်အဆက်ဆက်
ရာဇဝင်မတွင်တဲ့မြစ်
မြို့လေးကမျက်နှာသစ်လို့
ကျုပ်ချစ်တဲ့မြစ်လေ
မြို့လေးနှောင်ရေးအတွက်
လရောင်နဲ့လွှန်ဆွဲ
ခေတ်ပြိုင်ယဉ်ကျေးမှုတွေ ဒွန်တွဲပြီး
ဆန်တစ်ခါ စုန်တစ်လှည့်
မြို့လေးကိုဆက်သခဲ့ပေါ့

mgyoe.com

mgyoe.com

ဒီလိုနဲ့
မြို့လေးလည်း
ခေတ်ရဲ့အဆင်တန်ဆာတွေနဲ့
ရာသီမှန် လှသွေးကြွ
မြစ်ထဲမလဲ
မြို့ခံအညစ်အကြေးတွေ၊ စီးမျှောရှုပ်ပွ
မြစ်ကတော့စီးဆင်းမပျက်
မြို့လေးကိုချစ်လျှက်ပါပဲ
ဒါပေမယ့်
ကျုပ်ချစ်တဲ့မြစ်
မြစ်ချစ်တဲ့မြို့
ကျုပ်တို့ရဲ့မြို့လေးပေါ့
ရာဇဝင်ရိုင်းလိုက်ပုံများ
လူမျိုးခြားနဲ့မှလက်မထပ်ပဲအတူနေသတဲ့လေ။ ။

mgyoe.com

mgyoe.com



# ၂၀၀၁ – ၂၀၁၁

## ကဗျာမရေးဖြစ်သောနှစ်များ

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

၂၀၁၂ – ၂၀၁၃

mgyoe.com

mgyoe.com

# ခွတ်

ရေလည်းမရောဘူး
အရက်လည်းမဟုတ်ဘူး
အမှန်လည်းမရှိဘူး
အမှားလည်းမရှိဘူး
အတုလည်းမရှိဘူး
အစစ်လည်းမရှိဘူး
အချိန်လည်းမကျဘူး
ငွေလည်းမရဘူး
ပြောသလိုလည်းမဟုတ်ဘူး
ထင်သလိုလည်းမဟုတ်ဘူး
ငါလည်းမရှိဘူး
မင်းလည်းမသိဘူး
အတွင်းလည်းမဟုတ်ဘူး
အပြင်လည်းမရှိဘူး
ပန်းကလေးတွေကပွင့် လိပ်ပြာတွေကဝဲလို့
ဆော့ခရတ္တိသောက်သလို ဘယ်သူမှမော့မသောက်ဘူး
ငါ့လက်ကိုပုတ်မချလိုက်ပါနဲ့
ခွက်ထဲမှာလည်း ဘာမှမရှိဘူး။ ။

၂၆၊ ဇန်နဝါရီ၊ ၂၀၁၂။

mgyoe.com

mgyoe.com



## ကုန်သေတ္တာ

မနက်လင်းတော့ မြို့လယ်ခေါင်မှာ
ကုန်သေတ္တာ တစ်လုံးကိုတွေ့လိုက်ကြရတယ်
ကုန်သေတ္တာမှာ ဘာအမှတ်အသားမှမပါဘူး
ဘာဆေးရောင်မှလည်း ခြယ်သမထားဘူး
လူတွေက သွားနေရာကရပ်ပြီး စပ်စုနေကြတယ်
ကားတွေကကုန်သေတ္တာကိုကွေ့ပတ်နေရတာနဲ့
တဖြည်းဖြည်း ယာဉ်ကြောတွေ ပိတ်လာတယ်
သတင်းသမားတွေလည်း ကုန်သေတ္တာရှိတဲ့ဆီကို
အပြေးအလွှားရောက်လာကြတယ်
Facebook ပေါ်မှာလည်း ကုန်သေတ္တာအကြောင်း
သတင်းတွေနဲ့ပလူပျံနေတယ်
ပြည်သူတွေက ကုန်သေတ္တာနဲ့တွဲရိုက်ထားတဲ့
ပုံတွေ အပြိုင်တင်ကြတယ်
ကုန်သေတ္တာပုံပါတဲ့ Profile Picture တွေလည်း
အလုအယက်ချိန်းနေကြတယ်
ရေဒီယိုတွေ ရုပ်မြင်သံကြားတွေမှာလည်း
ကုန်သေတ္တာအကြောင်းပဲ ထပ်တလဲလဲလာနေတယ်
အစိုးရနဲ့စစ်ဖက်ပြောရေးဆိုခွင့်ရှိသူတွေကတော့
ကုန်သေတ္တာနဲ့ပတ်သက်ပြီး
ရေငုံနှုတ်ပိတ် နေကြတုန်းပဲ

mgyoe.com